ရေလာလေးကျေးရွာ

ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေလာလေးကျေးရွာ ၊ ပခုက္ကူမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၂၀ ခုနှစ် ၊ မေ လ

# မာတိကာ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| မာတိကာ | | | ၃ |
| စကားချီ | | | ၄ |
| ပခုက္ကူမြို့နယ် ရေလာလေးကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၆ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၇ |
| ၁။ | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၇ |
| ၂။ | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | | ၉ |
| ၃။ | ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | | ၉ |
| | (က) | လူဦးရေဆိုင်ရာ အချက်အလက်များ | ၉ |
| | ( ခ) | စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု | ၉ |
| | ( ဂ) | ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၀ |
| | (ဃ) | ကျန်းမာရေးနှင့် အဟာရ | ၁၀ |
| | ( င) | ပညာရေး နှင့် ကျွမ်းကျင်မှုများ | ၁၀ |
| | ( စ) | ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု | ၁၁ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၂ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၄ |
| ၆။ | ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | | ၁၅ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ | | ၁၇ |
| | (က) | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ | ၁၇ |
| | (ခ) | ဖွံ့ဖြိုးရေး မိတ်ဖတ်အဖွဲ့အစည်း | ၁၇ |
| | (ဂ) | ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၁၇ |
| | (ဃ) | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၁၈ |
| ၈။ | စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း | | ၁၈ |
| | (က) | ကြီးကြပ်စစ်ဆေးခြင်း | ၁၈ |
| | (ခ) | နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၁၉ |
| | (ဂ) | နည်းပညာဆိုင်ရာ အကူအညီ | ၁၉ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | | ၂၀ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၂၀ |
| | ဇယား (၂) | လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၂၁ |
| | ဇယား (၃) | လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၅ |
| | ဇယား (၄) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၆ |
| | ဇယား (၅) | ဓါတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၆ |
| | ဇယား (၆) | ဥစ္စာခနေအဆင့် အခြေအနေ | ၂၇ |

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၂၈
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ ၂၉
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၀
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ ၃၁
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၂
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ ၃၄
ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃၅
ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ ၃၆
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း ၃၇
ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၃၈
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၃၈
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ ၃၉
ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ၄၁
ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၄၂
ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၄၃
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ၄၅
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ ၄၆
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ ၄၈
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း ၄၈
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၄၉
ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ ၄၉
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၅၀
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ ၅၃
ဇယား (၃၀) မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း ၅၃
ဇယား (၃၁) ကျောင်းတက်နှုန်း ၅၄
ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ ၅၄
ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ ၅၅
ဇယား (၃၄) အဖြစ်များသော ရောဂါများ ၅၆
ဇယား (၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၅၆

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ ၅၇
ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု ၅၈
ဇယား (၃၈) အိမ်သာ အမျိုးအစား ၅၉
ဇယား (၃၉) ကျား – မ ရေးရာ ၅၉
ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ ၆၀
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ ၆၀
ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး ၆၁
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ ၆၂
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ ၆၂
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ ၆၃
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၆၃
ဇယား (၄၇) ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု ၆၄
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ ၆၄
၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၆၅

## စကားချီး

ပထမဦးစွာ ကျွန်ုပ်တို့ ရေလာလေးကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP) ကျေးရွာအဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေလာလေးကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ်ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို ပထမ ဦးစားပေး အနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး မြေသားရေကန်တိုးချဲ့နိုင်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်း ပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူး အထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်း ရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနရှိ ဝန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြား ပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိမိတို့ကျေးရွာ လူထုသည်သာ အဓိက ပဓာနကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေ ပြည်သူများ၏ ဘဝနှင့်ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်း ဖြစ်ကြောင်းကိုလည်း နားလည် သဘောပေါက် လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင်အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)

တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဧပြီ လ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေလာလေးကျေးရွာ
ပခုက္ကူမြို့နယ်

# ရေလာလေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ် နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/ တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင် မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှုများကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ် ဖြစ်သောကြောင့် ဆင်းရဲချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိက နေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထု ကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ်ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာ ရောက်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်း အခက်အခဲများ ရှိနေသော် လည်း လက်တွေ့ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက်များကိုသာ ဦးစားပေး စီမံကိန်းများအဖြစ် ရွေးချယ်သွားပါမည် ကျေးရွာဒေသခံများ အသိပညာ စွမ်းဆောင်နိုင်မှု ဗဟုသုတ နှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက် သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

ရေလာလေးကျေးရွာသည် ဧရာဝတီမြစ်မြောက်ဘက် ပခုက္ကူမြို့နယ်နှင့် (၁၈)မိုင်အကွာတွင် တည်ရှိပြီး ပခုက္ကူ–ကမ္မ ကားလမ်းမကြီး၏ ဘေးတွင်တည်ရှိပါသည်။

ရေလာလေးကျေးရွာသည် ယာမြေ (၄၈၅.၅)ဧက ရှိပြီး မြေဆီမြေဩဇာ အသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ယာမြေတွင် မြေပဲ၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ စသည့် သီးနှံများ စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၆၆)စုရှိပြီး၊ ကျား(၃၃၉)ဦး ၊ မ(၃၉၉)ဦးဖြင့် လူဦးရေပေါင်း (၇၃၈)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၀)ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ရေလာလေးကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး ဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၆၅)အိမ်ထောင်စုသည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး (၅၆)အိမ်ထောင်စုသည် ချမ်းသာသည့်အဆင့်၊ (၁၀၅) အိမ်ထောင်စုသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ချမ်းသာသော အိမ်ထောင်စု(၅၆)စု၏ မြေဧကပိုင်ဆိုင်မှုမှာ အနည်းဆုံး (၁၀)ဧကနှင့် အများဆုံး (၁၅)ဧက ပိုင်ဆိုင်ပြီး ရေတွင်းတစ်တွင်း၊ ယင်လုံအိမ်သာတစ်လုံး၊ ၊ရေကန်(၁)ကန်၊ စက်ဘီးတစ်စီး၊ ဆိုင်ကယ်နှစ်စင်းစီ၊ ခိုင်းနွား(၂)ကောင်စီ နှင့် ရေစုပ်စက်(၁)လုံးစီ ပိုင်ဆိုင်ကြပါသည်။ နွားပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂)ကောင်မှ (၇)ကောင်စီ ပိုင်ဆိုင်ကြပါသည်။ ကားပိုင်ဆိုင်သည့် အိမ်ထောင်စု (၃)စုရှိပြီး ချမ်းသာသော အိမ်ထောင်စုတိုင်းတွင် ဖုန်းအနည်းဆုံး(၁)လုံး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၁)လုံး၊ စလောင်း(၁)ခုစီ ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စု(၁)စုတွင် ထွန်စက်(၁)စီး ပိုင်ဆိုင်ကြောင်းလည်း တွေ့ရှိခဲ့ရပါသည်။ ချမ်းသာသော အိမ်ထောင်စုများနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ တောင်သူလုပ်ငန်း အပြင် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ပြေလည်သော တစ်ချို့ အိမ်ထောင်စုတွင် ယာမြေ(၀.၅)ဧကမှ (၂)ဧကအတွင်းစီ ပိုင်ဆိုင်ကြသည်ကို တွေ့ရှိခဲ့ရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ လက်လုပ်လက်စား ကျပန်းအလုပ်သမား လုပ်ကိုင်သူများ ဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ရေလာလေးကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၁၅) အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃)လအောက် ဝမ်းစာဖူလုံမှု ရှိသည့် အိမ်ထောင်စု (၁၀)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၂၀) စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံ သည့် အိမ်ထောင်စု (၂၆)အိမ်ထောင်စုရှိပါသည်။ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု များနှင့် (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုနှင့် (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံ သည့် အိမ်ထောင်စုများအား ဆွေမျိုးသားချင်းများနှင့် ငွေကြေးတတ်နိုင်သူများထံမှ ချေးငှားစားသောက်ရပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုတွင် လူဦးရေ အနည်းဆုံး (၃)ဦး၊ အများဆုံး (၆)ဦး ရှိပါသည်။ ဆင်းရဲ၍ မိသားစု စောက်ရှောက်မှုမရှိသည့် မုဆိုးဖို(၁)ဦး၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု(၂)စု ရှိကြောင်းတွေ့ရှိရပါသည်။ လက်လုပ်၊ လက်စားကျပန်းအလုပ်သမား များပြားသည်ကို တွေ့ရှိရ ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ရေလာလေးကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရာသီအကူးအပြောင်းတွင် အဖြစ်များပါသည်။ ငှက်ဖျားရောဂါ မဖြစ်ပွားပါ။ ဆီးချိုနှင့်တီဘီရောဂါမှာ လူတစ်ဦးနှစ်ဦးသာဖြစ်ပွားပါသည်။ သွေးတိုးရောဂါ ဖြစ်ပွား မှုနည်းပါးသည် ကိုတွေ့ရှိရပါသည်။ ဝက်သက်ရောဂါနှင့် အသည်းရောင်အသားဝါရောဂါ အနည်းငယ် ရှိပြီး၊ ပိုလီယိုရောဂါ ဖြစ်ပွားသူ အနည်းငယ် ရှိကြောင်း တွေ့ရှိရပါသည်။ ရေလာလေးကျေးရွာတွင် ကျေးလက် ဆေးပေးခန်း မရှိပါ။ ကျေးရွာနှင့် (၃)မိုင်ကွာဝေးသော ညောင်ဂျစ်ပင်ဆေးခန်းသို့၄င်း (၂)မိုင်ကွာဝေးသော ကမ္ဘတိုက်နယ်ဆေးရုံးကြီးသို့၄င်း သွားရောက်ကုသကြရပါသည်။ (၁၈)မိုင် ကွာ ဝေးသော ပခုက္ကူမြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေ အတွက် အသင့်အတင့် များပြားသည်။ ရေလာလေးကျေးရွာတွင် မူလွန်ကျောင်းဆောင် ရှိထားပြီး ဖြစ်သော်လည်း ကျောင်းသားဦးရေ များပြားခြင်းကြောင့် ကျောင်းဆောင် လုံလောက်မှုမရှိပါ။ ဆရာ/ဆရာမဦးရေ လုံလောက်မှုမရှိပါ။ စာသင်ခုံ လုံလောက်မှု မရှိပါ။ အားကစား ပစ္စည်းများ ကျောင်းတွင်အနည်းငယ်ရှိပါသည်။ ကျောင်းဝန်း၏ စတုရန်းပေမှာ (၁၀၈၀၀)ပေ ရှိပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသူ/သားများ သွားလာရေး အဆင်ပြေပါသည်။ အထက်ကျောင်းသူ/သားများသည် ကျေးရွာနှင့် (၂) မိုင်ကွာဝေးသော ကမ္ဘ အထက်တန်း ကျောင်းသို့ သွားရောက် ပညာသင်ကြားကြပါသည်။ ဘွဲ့ရပညာတတ်အများစုမှာ မိဘ လက်ငုတ် လက်ရင်း အလုပ်နှင့် ကျပန်းအလုပ်များကိုသာ လုပ်ကိုင်နေကြကြောင်း တွေ့ရှိခဲ့ရပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

ရေလာလေးကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင်လယ်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများကို အများဆုံး လုပ်ကိုင်ကြပြီး ကျား/ မနေ့စားလုပ်အားခကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု၊ ခေါင်းဆောင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အသင့်အတင့်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍လူထု၏ အသိအမြင် မရှိပါ။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် တက္ကသိုလ်/ကောလိပ်အဆင့်တွင် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက်များသော်လည်း အထက်တန်း အဆင့်တွင် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် ပိုများပါသည်။ တက္ကသိုလ်အဆင့်တွင် အမျိုးသမီးအရေအတွက်မှာ အမျိုးသားအရေအတွက်ထက် ပိုများသည်အတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အတူတူပင်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ-

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံ အဆောက်အဦး** | မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်း | | ၁ | ရေလာလေးကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီက ကျေးလက် ဦးစီးဌာနမှ နည်းပညာ အကူ အညီ ယူ၍ ဆောင်ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | မူလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း | | ၂ | ရေလာလေးကျေးရွာဖွံ့ဖြိုးရေးကော်မတီက ပညာ ရေး ဦးစီးဌာန နှင့် ကျေးလက် ဒေသ ဖွံ့ဖြိုး တိုး တက် ရေး ဦးစီးဌာန တို့ထံ နည်းပညာ ရယူ ၍ ဆောင် ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | ကျေးရွာချင်းဆက်လမ်းအားကတ္တရာလမ်း ခင်း ခြင်း | | ၃ | ရေလာလေးကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ကျေးလက်ဦးစီး ဌာနမှနည်းပ ညာ အကူအညီယူ၍ဆောင်ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | ကျေးရွာလျှပ်စစ်မီးတိုင်(၃၀)တိုင်နှင့် မီးကြိုး (၃၀၀၀)ပေ သွယ်တန်းခြင်း | | ၄ | လျှပ်စစ်မီးတိုင်ရရှိရန်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင် ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း | | ၅ | ရေလာလေးကျေးရွာဖွံ့ဖြိုးရေး ကော်မတီ က ကျေးလက်ဦးစီး ဌာနမှနည်းပညာအကူအညီ ယူ၍ ဆောင်ရွက်သွားမည်။ | |
| **ကျန်းမာရေး** | ကျေးရွာဆေးပေးခန်း တည်ဆောက်ခြင်း | | ၆ | ကျန်းမာရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင် ရွက် သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံ အဆောက်အဦး** | အားကစားကွင်းတည်ဆောက်ခြင်း | | ၇ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **မွေးမြူရေး** | မွေးမြူရေးတိရစ္ဆာန်များရောဂါကျရောက်မှု လျော့နည်းရေး အသိပညာပေးဟောပြော ပြုလုပ်ခြင်း | | ၈ | စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း စိုက်ပျိုးရေးကုမ္ပဏီတို့ နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် | |
| **စိုက်ပျိုးရေး** | မျိုးကောင်းမျိုးသန့်ရရှိရေး အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း | | ၉ | စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း တောင်သူပညာပေး ဆွေး နွေးပွဲများပြုလုပ် ခြင်း စိုက်ပျိုးရေး ကုမ္ပဏီတို့ နှင့် ချိတ်ဆက် ဆောင်ရွက် သွားမည်။ | |
| **စိုက်ပျိုးရေး** | ကောက်ပဲသီးနှံဈေးကွက်ကောင်းများရရှိရန်တင်ပြခြင်း | | ၁၀ | စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း တောင်သူပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း စိုက်ပျိုးရေးကုမ္ပဏီတို့ နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | ထူးချွန်လိမ္မာသောလူငယ်များအား ကျေးရွာ လူထုမှ ဝိုင်းဝန်းချီးမြှောက်ခြင်း | | ၁၁ | ထူးချွန်လိမ္မာသောလူငယ်များအားကျေးရွာလူထုမှဂုဏ်ပြုဆုပေးအပ်ခြင်း၊အရက်မူး ယစ်အန္တရာယ်ကင်းရှင်းသောကျေးရွာဖြစ်ရန်ကျေးရွာလူထုမှဝိုင်းဝန်းပူးပေါင်းဆောင် | |

| | | | | | |
|---|---|---|---|---|---|
| | | | | ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | စာကြည့်တိုက်အတွက်ဗဟုသုတစာအုပ်များ ထားရှိရန် ကော်မတီဖွဲ့၍အလှူခံခြင်း | | ၁၂ | အလှူရှင်များရှာခြင်း ၊ အလှူခံခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီး ဌာန နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **အသက်မွေးဝမ်း ကျောင်း ကဏ္ဍ** | ပုံမှန်ဝင်ငွေမရရှိခြင်းအတွက် NGO/ INGO အဖွဲ့အစည်းများနှင့်အိမ်တွင်းမှုသင်တန်း ကျောင်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | ၁၃ | ပုံမှန်ဝင်ငွေမရရှိခြင်းအတွက် NGO/ INGO အဖွဲ့အစည်းများနှင့်အိမ်တွင်းမှု သင်တန်း ကျောင်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနများသို့ ချိတ်ဆက် ဆောင် ရွက်သွားမည်။ | |
| **ကျန်းမာရေး** | ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာ ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ် ခြင်း | | ၁၄ | ရေလာလေးကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင် ရွက်သွားမည်။ | |
| **အခြေခံ အဆောက်အဦး** | မီးသတ်ကားဝယ်ယူရန်အလှူရှင်ရှာဖွေခြင်း | | ၁၅ | အလှူရှင်များရှာခြင်း ၊ အလှူခံခြင်း၊ မီးသတ်ဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်။ | |
| **အသက်မွေးဝမ်း ကျောင်း ကဏ္ဍ** | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ် ခြင်း | | ၁၆ | ရေလာလေးကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ များမှ အိမ်တွင်းမှု သင်တန်းကျောင်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွား မည်။ | |

၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်း | ၁ | ✔ | | | | |
| ၂ | မူလွန်ကျောင်းဆောင်သစ် တည်ဆောက် ခြင်း | ၂ | | ✔ | | | |
| ၃ | ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်း | ၃ | | ✔ | | | |
| ၄ | ကျေးရွာလျှပ်စစ်မီးတိုင်(၃၀)တိုင်နှင့် မီးကြိုး(၃၀၀၀)ပေသွယ်တန်းခြင်း | ၄ | | | ✔ | | |
| ၅ | ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း | ၅ | | | ✔ | | |
| ၆ | ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း | ၆ | | | | ✔ | |
| ၇ | အားကစားကွင်းတည်ဆောက်ခြင်း | ၇ | | | | | ✔ |
| ၈ | မွေးမြူရေးတိရစ္ဆာန်များ ရောဂါအန္တရာယ် ကျရောက်မှုလျော့ နည်းရေး ဟောပြောပွဲ ပြုလုပ်ခြင်း | ၈ | ✔ | ✔ | ✔ | ✔ | ✔ |
| ၉ | စိုက်ပျိုးရေးသီးနှံများ၊မျိုးကောင်းစိုက်ပျိုးရေးဦးစီးဌာန နှင့်ချိတ်ဆက်၍ စိုက်ပျိုးရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခြင်း | ၉ | ✔ | ✔ | ✔ | ✔ | ✔ |
| ၁၀ | အစိုးရထံသို့ ကောက်ပဲသီးနှံများ ဈေးကွက်ကောင်းများရရှိရန်တင်ပြခြင်း | ၁၀ | ✔ | | | | |
| ၁၁ | ထူးချွန်လိမ္မာသောလူငယ်များအား ကျေးရွာလူကြီးများမှ ဝိုင်းဝန်းချီး မြှောက်ဂုဏ်ပြုခြင်း | ၁၁ | ✔ | | | | |
| ၁၂ | စာကြည့်တိုက်အတွက်ဗဟုသုတရရှိစေမည့်စာအုပ်များထားရှိရန်ဆောင်ရွက်ခြင်း | ၁၂ | ✔ | | | | |
| ၁၃ | ပုံမှန်ဝင်ငွေမရရှိခြင်းအတွက် | ၁၃ | ✔ | | | | |

| စဉ် | စီမံချက် | အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| | NGO/INGO အဖွဲ့အစည်းများ အိမ်တွင်းမှုသင်တန်း ကျောင်းနှင့် ချိတ်ဆက်ခြင်း | | | | | | |
| ၁၄ | ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း | ၁၄ | ✔ | | | | |
| ၁၅ | မီးသတ်ကားဝယ်ယူနိုင်ရေး အလှူရှင်ရှာ၍ အလှူခံခြင်း | ၁၅ | | | ✔ | | |
| ၁၆ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း | ၁၆ | ✔ | | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်း | | | ✔ | | |
| ၂ | မူလွန်ကျောင်းဆောင်သစ်တည် ဆောက် ခြင်း | | | ✔ | | |
| ၃ | ကျေးရွာချင်းဆက်လမ်းအားကတ္တရာ လမ်းခင်းခြင်း | | | | | |
| ၄ | ကျေးရွာလျှပ်စစ်မီးတိုင်(၃၀)တိုင်နှင့် မီးကြိုး(၃၀၀၀)ပေသွယ်တန်းခြင်း | | | | | |
| ၅ | ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း | | | | | |
| ၆ | ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း | | | | | |
| ၇ | အားကစားကွင်းတည်ဆောက်ခြင်း | | | | | |
| ၈ | မွေးမြူရေးတိရစ္ဆာန်များရောဂါ အန္တရာယ် ကျရောက်မှုလျော့ နည်းရေး ဟော ပြောပွဲ ပြုလုပ်ခြင်း | | | | | |
| ၉ | စိုက်ပျိုးရေးသီးနှံများ၊မျိုးကောင်းစိုက် ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ စိုက်ပျိုးရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခြင်း | | | | | |
| ၁၀ | အစိုးရထံသို့ ကောက်ပဲသီး နှံများ ဈေးကွက်ကောင်း များ ရရှိရန်တင်ပြခြင်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁၁ | ထူးချွန်လိမ္မာသောလူငယ်များအား ကျေးရွာလူကြီးများမှ ဝိုင်းဝန်းချီး မြှောက်ဂုဏ် ပြုခြင်း | | | | | |
| ၁၂ | စာကြည့်တိုက်အတွက်ဗဟုသုတရရှိစေ မည့်စာအုပ်များ ထားရှိရန်ဆောင်ရွက်ခြင်း | | | | | |
| ၁၃ | ပုံမှန်ဝင်ငွေမရရှိခြင်းအတွက် NGO/INGO အဖွဲ့အစည်းများ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ချိတ်ဆက်ခြင်း | | | | | |
| ၁၄ | ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ များဆောင်ရွက်ခြင်း | | | | | |
| ၁၅ | မီးသတ်ကားဝယ်ယူနိုင်ရေး အလှူရှင်ရှာ ၍ အလှူခံခြင်း | | | | | |
| ၁၆ | အသက်မွေးဝမ်းကျောင်းအထောက်အကူ ပြုသင်တန်းဖွင့်လှစ်ခြင်း | | | | | |

**၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ရေလာလေးကျေးရွာ မြေသားရေကန်တိုးချဲ့ဆောင်ရွက်ခြင်းအား မြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၈။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ အိမ်ထောင်စု

များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report) ကို လူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ်ဦးတည်ပါမည်–

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလ ပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါ သည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

## ၉။ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၆ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၇ | ၁၉ | ၃၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၆ | ၂၉ | ၆၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၃၇ | ၆၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၉ | ၂၈၁ | ၅၁၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၇ | ၄၆ |
| **စုစုပေါင်း** | | **၅၈၈** | **၃၃၉** | **၃၃၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၃၁၈ | | |

**လေ့လာတွေ့ရှိချက်။** ။ ရေလာလေးကျေးရွာတွင်အိမ်ထောင်စုပေါင်း (၃၃၉)စုရှိပြီး၊ ကျား(၃၃၉)ဦး၊ မ (၃၉၉)ဦး ဖြင့် လူဦးရေပေါင်း (၇၃၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၄)ဦး နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၉.၁)% ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ် (၅၁၀)ဦးရှိပြီး အသက် (၆၅)နှစ်အထက် သက်ကြီးရွယ်အို (၄၆)ဦးရှိပြီး အသက်ရှည်ရှည် နေထိုင်သူဦးရေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ရေလာလေး ကျေးရွာတွင် ဗုဒ္ဓဘာသာဝင်များသာ နေထိုင်ကြသည်ကို တွေ့ရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၉ | ၇၁ | ၂ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁၁ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | ၆ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆၁ | ၇၁ | ၂၆ | မြင့်☐လတ☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၄ | မြင့်☐လတ်☐နိမ့်☐ |
